# သဘောထားထုတ်ပြန်ချက်

နေ့စွဲ။ ။ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်

၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ(၂၆-၂၇)ရက်နေ့အထိ ကယား(ကရင်နီ)ပြည်နယ်၊ ဒီးမော့ဆိုမြို့တွင် ကျင်းပသော **မြေလွတ်မြေလပ်မြေရိုင်းနှင့် ၂၀၁၇ မြေသိမ်းဥပဒေကြမ်းအလုပ်ရုံဆွေးနွေးပွဲ** တွင် ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှဒေသခံတောင်သူလယ်သမားများ၊ လူထုအခြေပြုအရပ်ဖက်လူမှုအသင်းအဖွဲ့များ၊ ဒေသအခြေပြုနိုင်ငံရေးပါတီမှကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလများနှင့် တက်ကြွလှုပ်ရှားသူများ စုစုပေါင်း(၁၅၆)ဦး အတူတကွ ပါဝင်တက်ရောက်၍ အောက်ပါသဘောထား မှတ်ချက်များကို ထုတ်ပြန်လိုက်ပါသည်။

၁။ ၂၀၁၇ မြေသိမ်းဥပဒေကြမ်းနှင့် မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေသည် ဒေသခံပြည်သူလူထုများ၊ ဌာနေတိုင်းရင်းသားများနှင့်မြေကိုအမှီပြု၍ အသက်ရှင်လုပ်ကိုင်နေသောသူများ၏ မြေနှင့်အရင်းအမြစ်များအား တရားဝင်သိမ်းဆည်းမှုကို အချိန်မရွေးပြုလုပ်နိုင်ရန် ပြုလုပ်ထားသောဥပဒေများသာဖြစ်သောကြောင့် ဖျက်သိမ်းရန်လိုအပ်သည်။

၂။ ၂၀၁၇ မြေသိမ်းဥပဒေကြမ်းနှင့် မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေများသည် ခေတ်အဆက်ဆက်နည်းပေါင်းစုံဖြင့် မြေအတင်းအဓမ္မသိမ်းဆည်းမှုတွင် ပါဝင်ပတ်သက်နေသောစစ်တပ်နှင့်အပေါင်းအပါများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများအား တရားဝင်မြေသိမ်းဆည်းမှုများဖြစ်စေရန်အတွက် အကာအကွယ်ပေးထားသော ဥပဒေများသာဖြစ်သည်။

၃။ ၂၀၁၇ မြေသိမ်းဥပဒေကြမ်းသည် စစ်တပ်နှင့်ပြည်ထဲရေးဌာနကို မြေထိန်းချုပ်ခွင့်၊ မြေစီမံခန့်ခွဲခွင့်နှင့် မြေသိမ်းခွင့်များကိုတရားဝင်ရရှိစေရန်နှင့် အနာဂတ်တွင်လည်း နည်းပေါင်းစုံဖြင့် မြေသိမ်းမှုများကို ဆက်လက်ပြုလုပ်နိုင်ရန်အတွက် စစ်အာဏာရှင်စနစ်ကိုပြန်လည်အသက်သွင်းထားသော ဥပဒေတစ်ခုသာ ဖြစ်သည်။

၄။ ၂၀၁၇ မြေသိမ်းဥပဒေကြမ်းနှင့် မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေသည် မြေယာပြဿနာများကို ဖြေရှင်းနိုင်ခြင်းရှိမည်မဟုတ်သည့်အပြင် အနာဂတ်တွင်မြေယာပြဿနာအသစ်များ၊ ပဋိပက္ခအသစ်များကိုသာ ပိုမိုဖြစ်ပေါ်လာမည့်အပြင် လုပ်ငန်းရှင်များ၊ မြေသိမ်းချင်သောလူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကိုသာ မျက်နှာသာပေးထားသော ဥပဒေများသာဖြစ်သည်။

၅။ ၂၀၁၇ မြေသိမ်းဥပဒေကြမ်းနှင့် မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေသည် ဌာနေတိုင်းရင်းသားများ၏ လူ့ဂုဏ်သိက္ခာငြိုးနွမ်းသေးသိမ်စေမည့်အပြင် ဘိုးဘွားစဉ်ဆက်အသုံးပြုလာသော ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများ ပပျောက်စေရန်နှင့် မြေနှင့်အရင်းအမြစ်များကိုထိန်းချုပ်နိုင်ရန်အတွက် ပြုလုပ်ထားသောဥပဒေများဖြစ်၍ ဖက်ဒရယ်ဒီမိုကရေစီ စံချိန်စံညွှန်းနှင့်မကိုက်ညီသောကြောင့် လုံးဝ(လုံးဝ)ပြဋ္ဌာန်းရန်မသင့်ပေ။

၆။ ၂၀၁၇ မြေသိမ်းဥပဒေကြမ်း၊ မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေနှင့် အခြားဆက်စပ်သော ဥပဒေများအား လွှတ်တော်မှ ပြည်သူလူထုများ၊ ဌာနေတိုင်းရင်းသားများနှင့်မြေကိုအမှီပြု၍ အသက်မွေးဝမ်း ကျောင်းပြုနေသူများ၏ဆန္ဒနှင့် ဆန့်ကျင်၍ အတည်ပြုခြင်းကိုအတင်းအဓမ္မလုပ်ဆောင်နေခြင်းများသည် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်မှု ဖြစ်စဉ်ကို ပျက်ဆီးစေမည်ဖြစ်သောကြောင့် ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချပါသည်။


ဆက်သွယ်ရန်

၁။ ကိုစစ်မုန်း(ခ) ဒီးဒီ (+)၉၅ ၀၉၇၄၁၁၁၂၆၈၈

၂။ ဖိုးဆို (+)၉၅ ၀၉၇၉၃၅၀၃၅၆

၃။ ကိုကျော်ထင်အောင် (+)၉၅ ၀၉၂၅၀၈၉၀၈၀၀